**မတ်လ ၈ ရက် ၂၀၂၆ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ထုတ်ပြန်ချက်**
**ချင်းမိုင်ခရိုင် ကျားမတန်းတူညီမျှရေးဆိုင်ရာ အဖွဲ့အစည်းများ ကွန်ရက်**

ကျွန်ုပ်တို့သည် အလုပ်သမားနှင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများ၊ တိုင်းရင်းသားအမျိုးသမီးများ၊ လိင်စိတ်ကွဲပြားခံယူသူ (LGBTQ+)၊ HIV ပိုးနှင့်အတူ နေထိုင်နေကြသော အမျိုးသမီးများ၊ လိင်လုပ်သား အမျိုးသမီးများ၊ နိုင်ငံမဲ့ အမျိုးသမီးများ၊ သက်ကြီးရွယ်အို အမျိုးသမီးများ၊ မိန်းကလေးလူငယ်များ၊ စိုက်ပျိုးရေးကဏ္ဍမှ ကျေးလက်နေ အမျိုးသမီးများ၊ အစီအစဉ်မရှိဘဲ ကိုယ်ဝန်ဆောင်ရသူများနှင့် ကိုယ်ဝန်ဖျက်ချထားသူများ၊ မသန်စွမ်း အမျိုးသမီးများ၊ ဖမင်နစ်ဝါဒီများ၊ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေကြသူများနှင့် လူ့အခွင့်အရေး၊ လူထုအခွင့်အရေး၊ မြေယာပိုင်ဆိုင်ခွင့်၊ သယံဇာတနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အခွင့်အရေးများအတွက် ကာကွယ်စောင့်ရှောက်နေကြသော အမျိုးသမီးများ အပါအဝင် အမျိုးသမီးအခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် ကျားမတန်းတူညီမျှမှုကို ထောက်ခံအားပေးကြသော မဟာမိတ်ကွန်ရက်များ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုရန်နှင့်အမျိုးသမီးများ၏ တိုက်ပွဲဝင်မှုနှင့် အောင်မြင်မှုများကို ဆင်နွှဲရန် စုပေါင်းအင်အားပြသကြပါသည်။ အမျိုးသမီးများသည် လူ့အဖွဲ့အစည်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပြီး အကျိုးပြုနေသည်ကို လူ့အဖွဲ့အစည်းမှ အတည်ပြုပြသလိုပါသည်။

ကွန်ရက်၏ လုပ်ဆောင်ချက်များအရ အမျိုးသမီးများအပေါ် ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံခံရခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံနေရသည်ကို တွေ့ရှိရပါသည်။ ၎င်းသည် ကျားမ တန်းတူမညီမျှမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုဖြစ်ပြီး လူ့အဖွဲ့အစည်း၏ တည်ဆောက်ပုံဆိုင်ရာ ပြဿနာများကို ရောင်ပြန်ဟပ်နေပါသည်။ ဥပမာအားဖြင့် -

- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများသည် အခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် အများပြည်သူဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုကို ကန့်သတ်ရန် ဥပဒေဖြင့် အသုံးပြုနှိပ်ကွပ်ခြင်းကို ရင်ဆိုင်နေရပါသည်။
- တိုင်းရင်းသူ အမျိုးသမီးများသည် မြေယာပိုင်ဆိုင်ခွင့်၊ လူထုအခွင့်အရေးနှင့် သယံဇာတ အသုံးပြုခွင့်များ ချိုးဖောက်ခံနေရသည်။ တိုင်းရင်းသားလူငယ်များသည်လည်း

အဓမ္မလက်ထပ်ခြင်းကိုရင်ဆိုင်နေရပြီး နိုင်ငံသားမဲ့ တိုင်းရင်းသူ အမျိုးသမီးများသည် လည်း နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများကို အကျိုးခံစားခွင့် မရသည့်အပြင် ချိုးဖောက်ခံနေရသည်။

- မသန်စွမ်း အမျိုးသမီးများသည် ဘွဲ့လွန်ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မသန်စွမ်းမှုဆိုင်ရာ လူမှုဖူလုံရေး ခံစားခွင့်များကို တန်းတူညီမျှ မရရှိပါ။
- လက်စဘီယံ (Lesbian)၊ ဘိုင်ဆက်ရှူရယ် (Bisexual) နှင့် ထရန်စဂျန်ဒါ (Transgender) အမျိုးသမီးများသည် လိင်စိတ်လိင်ကွဲပြားမှုဆိုင်ရာ ခံယူချက် များကြောင့် ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။
- ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများသည် တရားမျှတသော လုပ်အားခလစာနှင့် လူမှုဖူလုံရေး ခံစားခွင့်များကို မရရှိကြပါ။
- လိင်လုပ်သား အမျိုးသမီးများသည် လူမှုရေးအရ အနှိမ်ခံရပြီး ၎င်းတို့၏ အလုပ်အကိုင်အပေါ် အခြေခံ၍ ရာဇဝတ်သားများသဖွယ် ဆက်ဆံခံနေရပါသည်။
- အမျိုးသမီး အများသည် ဘေးကင်းလုံခြုံသော ကိုယ်ဝန်ဖျက်ချခြင်း ဝန်ဆောင်မှုများကို မရရှိနိုင်သေးသလို၊ သက်ကြီးရွယ်အိုများနှင့် HIV ပိုးရှိသူ အမျိုးသမီးများသည်လည်း မျိုးဆက်ပွား ကျန်းမာရေး အခွင့်အရေးများတွင် ကန့်သတ်ချက်များ ရှိနေပါသည်။
- မိသားစုအတွင်း အကြမ်းဖက်မှု၊ မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုနှင့် အွန်လိုင်းပေါ်မှ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရချိန်တွင် အမျိုးသမီး အများသည် တရားမျှတမှုကို တန်းတူညီမျှ မရရှိကြပါ။

အထက်ပါ အမျိုးသမီး လူ့အခွင့်အရေး အခြေအနေများကြောင့် လူ့အဖွဲ့အစည်း၏ ကဏ္ဍအသီးသီးမှ အောက်ပါတောင်းဆိုချက်များကို ပူးပေါင်းထောက်ခံပေးရန် ကျွန်ုပ်တို့ တောင်းဆိုအပ်ပါသည်။

1. **ကျား၊မ တန်းတူညီမျှမှုကို မြှင့်တင်ရန် မူဝါဒနှင့် ဥပဒေ ပြုပြင်ပြောင်းလဲမှုများကို တွန်းအားပေးရန်** နှင့် ထိုင်းအစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကတိကဝတ်များ၊ အထူးသဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် (CEDAW) ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်။
2. **လိင်လုပ်သားများအပေါ် ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားခြင်းကို ပယ်ဖျက်ရန်** နှင့် ၎င်းတို့အား အလုပ်သမားအဖြစ် အသိအမှတ်ပြုရန်။ ဘေးကင်းစွာ အလုပ်လုပ်နိုင်ရန်နှင့် ကျန်းမာရေး၊ တရားမျှတမှုနှင့် လူမှုဖူလုံရေးတို့ကို တန်းတူညီမျှ ရရှိစေရန်။

3. **အစိုးရမှ လူတိုင်းအတွက် တရားမျှတသော လူမှုဖူလုံရေး စီမံချက်များ ချမှတ်ပေးရန်**။ ၎င်းတွင် ရာသီလာချိန်ခွင့်ယူနိုင်ပြီး လစာအပြည့်ဝရရှိခြင်း၊ တစ်နိုင်ငံလုံး အခမဲ့ လစဉ်သုံး ဂွမ်းထုတ်များ ပေးဝေခြင်း၊ လုပ်ငန်းခွင်၌ ကလေးထိန်းကျောင်းများ ထားရှိခြင်းနှင့် အကြမ်းဖက်ခံရသူများအတွက် ဘေးကင်းလုံခြုံသော နေရာများ စီစဉ်ပေးခြင်းတို့ ဝန်ဆောင်မှုရရှိရန်။
4. **ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အခြေခံဝန်ဆောင်မှုများ ရရှိရန်**။ အစိုးရ ဝန်ဆောင်မှုဌာနများတွင် စကားပြန်များ ထားရှိခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် ကလေးများအတွက် ဘေးကင်းသော တိုင်ကြားမှု ယန္တရားများ ထားရှိပေးရန်။
5. **လူငယ်များ၏ လိင်ပညာပေးနှင့် မျိုးဆက်ပွား ကျန်းမာရေး အခွင့်အရေးများကို မြှင့်တင်ရန်**။ အထူးသဖြင့် မိန်းကလေးငယ်များနှင့် LGBTQ+ လူငယ်များအတွက် ဘေးကင်းသော နေရာများ ဖန်တီးပေးရန်နှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးသော ကျန်းမာရေး ဝန်ဆောင်မှုများ ပေးရန်။
6. **အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်** နှင့် ပြောင်းလဲမှုများကို ဦးဆောင်နိုင်သော ခေါင်းဆောင်များအဖြစ် ပါဝင်ခွင့်ရရှိစေရန်။
7. **မီဒီယာများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်**။ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများ၏ အခွင့်အရေးများကို ဘက်စုံတင်ပြရန်နှင့် ခွဲခြားဆက်ဆံမှု ဖြစ်စေသော ပုံစံဟောင်းများကို ရပ်တန့်ရန်။
8. **အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်**။ အစိုးရ၏ မူဝါဒဖော်ဆောင်မှုများတွင် လူ့အခွင့်အရေး စံနှုန်းများကို အမှန်တကယ် ကျင့်သုံးခြင်း ရှိမရှိ စောင့်ကြည့်စစ်ဆေးရန်။

အမျိုးသမီးများ၏ တိုက်ပွဲဝင်ခဲ့သော သမိုင်းတစ်လျှောက်တွင် အမျိုးသမီး လှုပ်ရှားမှုများသည် လူ့အဖွဲ့အစည်း၊ ဥပဒေနှင့် မူဝါဒ ပြောင်းလဲမှုများအတွက် အဓိက အင်အားစုဖြစ်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် ဂုဏ်ပြုရုံသက်သက် မဟုတ်ဘဲ၊ ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးများ အခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် တရားမျှတမှုအတွက် အတူတကွ ရပ်တည်ကြသော နေ့တစ်နေ့ ဖြစ်ပါသည်။

**အမျိုးသမီးတိုင်း၏ အခွင့်အရေးသည် လူ့အခွင့်အရေး ဖြစ်သည်။**